Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၂၀)

## “ငွေစက္ကူအတု၊ ငွေကြေးဖေါင်းပွမှုနဲ့ မြန်မာ့စီးပွားရေးအလားအလာ”

၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေ ဆက်တိုက်ဖမ်းဆီးရမိခဲ့တာ တွေ့ရပါတယ်။ ၂၀၀၇ ဇန်နဝါရီလကနေ ဒီဇင်ဘာလအထိ ဆက်တိုက် ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ ၂၀၀၇ ဇန်နဝါရီလ (၁၉)ရက်နေ့မှာ တရုတ်–မြန်မာနယ်စပ် တရုတ်ပြည် ကျယ်ဂေါင်မြို့နဲ့ မြန်မာပြည် မူဆယ်မြို့တွေမှာ ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို သက်ဆိုင်ရာအာဏာပိုင်တွေက ဖမ်းဆီးရမိခဲ့ကြပါတယ်။ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ ပန်းခရေ တည်းခိုခန်းမှာ တည်းခိုနေတဲ့ ရာဇာ နဲ့ ထွေးထွေး ဆိုသူတို့ထံက ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို စတင်ဖမ်းဆီးရမိခဲ့ရာက မီးခိုးကြွက်လျှောက် ဖမ်းဆီးမှုတွေ ဆက်လက်ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။ တရုတ်ပြည်ကလာတဲ့ ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေဟာ သေသပ်လွန်းတာကြောင့် အလွယ်တကူ ခွဲခြားသိနိုင်ဖို့ မလွယ်ကူကြောင်း၊ ဒါပေမဲ့ စက္ကူမျက်နှာပြင် အနည်းငယ်ချောမွတ်ပြီး အလင်းရောင်အောက်မှာ ထောင်ကြည့်မှသာ လုံခြုံရေးကြိုး(ရေစာ) မပါတာကို တွေ့နိုင်ကြောင်း၊ သိရှိရပါတယ်။

ဇန်နဝါရီနဲ့ ဖေဖေါ်ဝါရီလတွေအတွင်း ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို စစ်ကိုင်းတိုင်း မုံရွာမြို့၊ ကလေးမြို့၊ မကွေးတိုင်း ပခုက္ကူမြို့၊ ရေစကြိုမြို့နဲ့ မွန်ပြည်နယ် သံဖြူဇရပ်မြို့တွေမှာလည်း ဆက်တိုက် ဖမ်းဆီးရမိခဲ့တာ တွေ့ရပါတယ်။ ဧပြီလအတွင်းမှာတော့ နအဖက ဖွဲ့စည်းထူထောင်ပေးထားတဲ့ ရှမ်းပြည်မြောက်ပိုင်း နမ်းခမ်းမြို့နယ်အခြေစိုက် (ပန်ဆေး) သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ထံက ကျပ်တစ်ထောင်တန် ငွေစက္ကူအတု အမြောက်အများနဲ့ ဘိန်းစိမ်း ပိဿာ(၅၀)ကျော်ကို ထပ်မံသိမ်းဆီးရမိခဲ့ပါတယ်။ ပန်ဆေး သကဆဖအဖွဲ့ခေါင်းဆောင် ကျော်မြင့် ဟာ စီးကရက်စက်ရုံတစ်ခုကို ဇန်းပြထူထောင်ထားပြီး ဘိန်းဖြူ ဘိန်းမဲ၊ စိတ်ကြွဆေး၊ ငွေစက္ကူအတုနဲ့ မှောင်ခိုလက်နက်ခဲယမ်းတွေကို အရောင်းအဝယ်လုပ်နေပေမဲ့ နအဖရဲ့ ညောင်နှစ်ပင်ညီလာခံကိုယ်စားလှယ်တစ်ဦးဖြစ်နေတဲ့အတွက် ဒေသအာဏာပိုင်တွေက သူ့ကို ဖမ်းဆီးအရေးယူတာမျိုး မလုပ်ရဲဘူးလို့ ဆိုပါတယ်။

ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို တရုတ်နယ်စပ်ကသာမက ထိုင်းနယ်စပ်ကလည်း မြန်မာပြည်အတွင်း အလုံးအရင်းနဲ့ တင်သွင်းဖြန့်ချီနေကြတာ တွေ့ရပါတယ်။ ထိုင်းနယ်စပ်မြို့တွေမှာရှိတဲ့ ကျွဲနွားမှောင်ခိုဈေးကွက်၊ ကားအပိုပစ္စည်းမှောင်ခိုဈေးကွက်နဲ့ ရာဘာမှောင်ခိုဈေးကွက် တွေမှာလည်း ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို ဖေါဖေါ်သီသီ အသုံးပြုနေကြတယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ ဒီဇင်ဘာလ (၃)ရက်နေ့ကလည်း ထိုင်းနယ်စပ် မြဝတီမြို့ အမှတ်(၂)ရပ်ကွက်ရှိ မောင်ဦး ဆိုသူရဲ့နေအိမ်ကနေ ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေနဲ့ ထိုင်းဘတ်တစ်ထောင်တန် ငွေစက္ကူအတုတွေကို ဖမ်းဆီးရမိခဲ့ပါတယ်။

ရန်ကုန်မြို့နဲ့ မြိတ်မြို့တွေမှာလည်း ကွန်ပြူတာနဲ့ ကျပ်ငွေစက္ကူအတု ပြုလုပ်တာတွေကို ၂၀၀၆ ခုနှစ် ဧပြီနဲ့ နိုဝင်ဘာလတွေအတွင်းမှာ ဖမ်းဆီးရမိခဲ့ဘူးတာကြောင့် ပြည်တွင်းမှာလည်း ကျပ်ငွေစက္ကူအတုတွေကို အလွယ်တကူ ထုတ်လုပ်သုံးစွဲနိုင်နေပြီလို့ ယူဆရပါတယ်။

ဒီလို ကျပ်တစ်ထောင်တန် ငွေစက္ကူအတုတွေ မြန်မာနိုင်ငံတဝှမ်းလုံးမှာ ပြန့်နှန့်နေတာကို နအဖ စစ်ဗိုလ်ချုပ်တွေက မြန်မာပြည်သူတွေ မသိစေချင်တဲ့အတွက် ငွေစက္ကူအတု ဖမ်းဆီးရမိမှုသတင်းတွေကို တရားဝင်မထုတ်ပြန်ဘဲ ဖုံးကွယ်ထားခဲ့တာ တွေ့ရပါတယ်။ ၂၀၀၅ ခုနှစ်အတွင်းကလည်း မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်၊ ရန်ကုန်တိုင်း သာကေတမြို့နယ်နဲ့ ရှမ်းပြည်

သာမြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ်တွေမှာ ကျပ်ငွေစက္ကူအတုတွေကို အလားတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါပေမဲ့ နအဖ ဗိုလ်ချုပ်တွေက ဒီသတင်းတွေကို လျှို့ဝှက် ဖုံးကွယ်ထားခဲ့ကြတာကြောင့် ၂၀၀၅ ခုနှစ် ဩဂုတ်လ(၂၈)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ နအဖရဲ့ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)မှာ ဆန်ကေရှင်ဘွန်းသတင်းစာရဲ့ သတင်းထောက် ဒေါက်တာဇော်သန်းက ငွေစက္ကူအတုကိစ္စတွေကို ရှင်းပြပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒေါက်တာဇော်သန်း မေးမှ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး က ဒီကိစ္စတွေကို မလွှဲမရှောင်သာရှင်းပြခဲ့တာ တွေ့ရပါတယ်။ ပြည်သူတွေမသိအောင် သူတို့ တမင်ဖုံးကွယ်ထားတဲ့ကိစ္စကို ဒေါက်တာဇော်သန်းက မေးခွန်းထုတ်လာတဲ့အပေါ် စိုးရိမ်ထိတ်လန့် ဒေါသထွက်သွားတဲ့ နအဖ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြာပြာသလဲထပြီး "ကျွန်တော် ငွေစက္ကူကိစ္စရယ်၊ ကုန်ဈေးနှုန်းကိစ္စရယ်၊ နည်းနည်းလေး ဖြည့်စွက်လိုပါတယ်။ အဲဒီတော့ အခု ငွေစက္ကူအတုတွေပေါ်တယ်ဆိုတာ မှန်ပါတယ်။ သို့သော်လည်းပဲ ဒီကိစ္စတွေအားလုံးကို နိုင်ငံတော်အနေနဲ့ နိုင်နိုင်နင်းနင်း ထိထိရောက်ရောက် အကုန်လုံးကို ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ စိုးရိမ်စရာ တစ်စုံတစ်ရာ မရှိဘူးဆိုတာကို ကျွန်တော်တို့ အတိအလင်း ပြောကြားလိုပါတယ်။" လို့ ပြောဆိုခဲ့ပါတယ်။

ဗိုလ်ကျော်ဆန်းက ငွေစက္ကူအတုတွေကို နိုင်နိုင်နင်းနင်း ထိထိရောက်ရောက် ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်နိုင်ပါတယ်လို့ ၂၀၀၅ ခုနှစ်မှာ ပြောဆိုခဲ့ပေမဲ့ ကျပ်ငွေစက္ကူအတုတွေဟာ ၂၀၀၆၊ ၂၀၀၇ ခုနှစ်တွေ အတွင်းမှာလည်း မြန်မာပြည်တဝှမ်းလုံးမှာ ပြန့်နှံ့နေခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် လာမဲ့ နအဖရဲ့သတင်းစာရှင်းလင်းပွဲတွေမှာ ဒီကိစ္စအပေါ် ဗိုလ်ကျော်ဆန်း ဘယ်လိုဖြေကြားမလဲဆိုတာသိရအောင် ထပ်ပြီး မေးကြည့်စေချင်ပါတယ်။

၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲ့ ငွေကြေးဖေါင်းပွမှုနှုန်းဟာ ၅၀ ရာခိုင်နှုန်းအထိ ရှိခဲ့တယ်လို့ လန်ဒန်အခြေစိုက် **EIU (Economic Intelligence Unit)** ရဲ့ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလထုတ် အစီရင်ခံစာမှာ နအဖစစ်အစိုးရရဲ့ ငွေကြေးဆိုင်ရာ တရားဝင် သတင်းအချက်အလက်တွေအပေါ် အခြေခံပြီး ခန့်မှန်းတွက်ချက် ဖေါ်ပြထားပါတယ်။ **IMF**၊ **World Bank**၊ **ADB**၊ စတဲ့ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းကြီးတွေကလည်း မြန်မာနိုင်ငံရဲ့ ငွေကြေးဖေါင်းပွမှုနှုန်းတွေကို အလားတူ တွက်ချက်ဖေါ်ပြခဲ့ကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်တွေကလည်း အလားတူ ခန့်မှန်းတွက်ချက်ခဲ့ကြတာ တွေ့ရပါတယ်။ ၂၀၀၇ ဧပြီလ နောက်ဆုံးပတ်ထုတ် **Weekly Eleven** ဂျာနယ်က ပြည်တွင်းမှာကောက်ယူထားတဲ့ စစ်တမ်းတွေအပေါ် အခြေခံပြီး မြန်မာနိုင်ငံရဲ့ ငွေကြေးဖေါင်းပွမှုနှုန်းဟာ ယခင်နှစ်ကထက် (၆၀)ရာခိုင်နှုန်း တိုးလာခဲ့တယ်လို့ ဖေါ်ပြခဲ့သလို ၂၀၀၇ ဧပြီလ (၂၆)(၂၇)ရက်နေ့တွေမှာ ပြုလုပ်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**(NLD)**ရဲ့ ပထမအကြိမ် စီးပွားရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲမှာ တက်ရောက်ဆွေးနွေးခဲ့ကြတဲ့ အဖွဲ့ချုပ်ပါတီဝင် စီးပွားရေးပညာရှင်တွေ၊ ဘဏ္ဍာရေးအတွေ့အကြုံရှိတဲ့ ပညာရှင်တွေနဲ့ လုပ်ငန်းရှင်တွေကလည်း စစ်အစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ မြန်မာပြည်ဟာ **Hyper-Inflation** ခေါ် အလွန်အမင်း ငွေကြေးဖေါင်းပွတဲ့အဆင့်ကို ရောက်ရှိနေပြီဆိုပြီး တညီတညွတ်တည်း ထောက်ပြပြောဆိုခဲ့ကြတာကို တွေ့ရပါတယ်။

နအဖစစ်ဗိုလ်ချုပ်တွေက မြန်မာနိုင်ငံမှာ ငွေကြေးဖေါင်းပွမှုရှိနေတယ်ဆိုတာကို မငြင်းပေမဲ့ ပြည်တွင်းပြည်ပ ပညာရှင်တွေ ခန့်မှန်းတွက်ချက် ဖေါ်ပြနေကြတဲ့ ငွေကြေးဖေါင်းပွနှုန်းတွေကိုတော့ ဘယ်တုန်းကမှ အတည်ပြုလက်ခံတာမျိုး မတွေ့ခဲ့ရပါဘူး။ ဒါကလည်း အပြင်ဈေးကွက်မှာ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ကုန်ဈေးနှုန်းတွေကို နအဖဗိုလ်ချုပ်တွေက အမှန်အတိုင်း လက်ခံဖို့ ဝန်လေးနေကြလို့ ဖြစ်နိုင်ပါတယ်။ အလွန်အမင်း ငွေကြေးဖေါင်းပွမှုနှုန်းကို ဖြစ်စေတဲ့အကြောင်းရင်းတွေထဲမှာ စစ်အာဏာရှင်တွေရဲ့ မဆင်မခြင်သုံးစွဲမှုတွေနဲ့ ညံ့ဖျင်းလှတဲ့စီမံခန့်ခွဲမှုတွေကြောင့် နှစ်စဉ်ဆက်တိုက်ဖြစ်ပေါ်နေတဲ့ အစိုးရအသုံးစားရိတ်(ဘတ်ဂျက်) လိုငွေပြမှုတွေအတွက် ဗဟိုဘဏ်ကနေ ကျပ်ငွေစက္ကူတွေကို အတိုင်းအဆမရှိ ရိုက်ထုတ်ပေးနေရတဲ့အချက်နဲ့ မခန့်မှန်းနိုင်လောက်တဲ့ ကျပ်ငွေစက္ကူအတုတွေ မြန်မာပြည်သူတွေလက်ထဲမှာ ရောက်ရှိပြန့်နှံ့နေတဲ့အချက်တွေ ပါဝင်မှာ သေချာပါတယ်။

နအဖ စစ်အစိုးရက သူတို့ရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် **(data)** တွေကို အများပြည်သူသိရှိအောင် ပုံမှန်အစီရင်ခံတာမျိုး မလုပ်တဲ့အတွက် ပြည်တွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏ **(Money Supply)** ကို အတိအကျမသိနိုင်ပါဘူး။ ကြပ်ပြေးနေပြည်တော် တည်ဆောက်ရေးနဲ့ ရတနာပုံဆိုက်ဘာမြို့တော် တည်ဆောက်ရေး တို့လို ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးမရှိတဲ့အပြင် ကုန်ကျစရိတ်ကြီးမားလွန်းတဲ့ စီမံကိန်းကြီးတွေ စတင်ခဲ့တဲ့အချိန်ကစပြီး စစ်အစိုးရအသုံးစားရိတ်မှာ လိုငွေပြမှုတွေ အကြီးအကျယ် ပေါ်ပေါက်လာခဲ့တဲ့အတွက် လိုသမျှငွေအားလုံးကို ဗဟိုဘဏ်က ရိုက်နှိပ်ပေးခဲ့ရတာကြောင့် ပြည်တွင်းလှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏဟာ ပိုမိုများပြားလာခဲ့တယ်လို့ ဘဏ်အရာရှိဟောင်းတစ်ဦးက ထုတ်ဖေါ်ပြောဆိုခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့စဉ်က ငွေကြေးဖေါင်းပွမှုကို ထိန်းချုပ်နိုင်ဖို့အတွက် အစိုးရအသုံးစရိတ်တွေကို ဝင်ငွေနဲ့ထွက်ငွေ လောက်ငအောင်သုံးစွဲဖို့၊ ကုန်ကျမဲ့ငွေကို ဝန်ကြီးဌာနအလိုက် ပြန်ရအောင်ရှာကြဖို့၊ ဗဟိုဘဏ်က ငွေစက္ကူရိုက်နှိပ်ဖြန့်ဝေမှုတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားဖို့၊ စီမံချက်ချ လုပ်ဆောင်ခဲ့ပေမဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့် ဖယ်ရှားခံလိုက်ရပြီးနောက်ပိုင်းမှာ သဘာဝဓါတ်ငွေ့နဲ့ ကျောက်မျက်ရတနာ ရောင်းချမှုကလွဲပြီး နိုင်ငံခြားငွေရရှိနိုင်မဲ့ ပို့ကုန်လုပ်ငန်းအားလုံး သိသိသာသာ ထိုးကျသွားခဲ့တဲ့အပြင် ပြည်တွင်းအခွန် ကောက်ခံရရှိမှုအပိုင်းမှာလည်း မှန်းချက်နဲ့နှမ်းထွက်မကိုက်တဲ့ပြဿနာတွေနဲ့ စုပြုံရင်ဆိုင်ခဲ့ရတာကြောင့် အစိုးရအသုံးစရိတ် လိုငွေပြမှုတွေဟာ နှစ်စဉ် ဆက်တိုက်ဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရပါတယ်။ စစ်အာဏာရှင်တွေလိုသမျှ ငွေပမာဏကိုလည်း ဗဟိုဘဏ်က ရိုက်နှိပ်ပေးခဲ့ရတဲ့အတွက် ငွေကြေးဖေါင်းပွမှုတွေဟာ တစ်နှစ်ထက်တစ်နှစ် ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်လာနေတာဖြစ်ကြောင်း သိရှိရပါတယ်။

ဒီကြားထဲ ဖူးလေးရာဖယုံဆင့် ဆိုသလို နိုင်ငံတကာ လောင်စာဆီဈေးနှုန်းတွေ အဆမတန် တက်လာနေတဲ့ ပြဿနာ၊ စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကြောင့် မြန်မာပြည်ကို လာရောက်လည်ပတ်မဲ့ နိုင်ငံခြားခရီးသည် ဝင်ရောက်မှုနှုန်း ထိုးကျလာနေတဲ့ပြဿနာ၊ အမေရိကန်၊ ဥရောပ၊ ကနေဒါ၊ ဩစတေးလျ စတဲ့ နိုင်ငံတွေက စီးပွားရေးနဲ့ ဘဏ္ဍာရေး ပိတ်ဆို့အရေးယူမှုတွေ တိုးပြီးလုပ်လာနေတဲ့ပြဿနာ၊ တွေနဲ့ပါ ရင်ဆိုင်နေရတာကြောင့် ဒီနှစ် ၂၀၀၈ အပါအဝင် ရှေ့လာမဲ့ နှစ်တွေမှာ မြန်မာပြည်ရဲ့ ငွေကြေးဖေါင်းပွမှုနှုန်းဟာ မြန်မာ့စီးပွားရေးတစ်ခုလုံးကို ပြိုကျပျက်စီးနိုင်တဲ့အထိ မြင့်တက်လာနိုင်တယ်လို့ ပညာရှင်တွေက သုံးသပ်နေကြပါတယ်။

ငွေကြေးဖေါင်းပွမှုတွေကြောင့် ငွေကြေးတောင့်တင်းတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင် လက်တစ်ဆုပ်စာကလွဲပြီး တပ်မတော်သားတွေ၊ ဝန်ထမ်းတွေ အပါအဝင် ပြည်သူအများစုကြီးကို များစွာထိခိုက်နစ်နာစေမှာ သေချာပါတယ်။ စုဆောင်းငွေလေးတွေနဲ့ အသက်ရှင်ရပ်တည်နေကြရတဲ့ သက်ကြီးရွယ်အို ပင်စင်စားတွေလည်း ဘဝပျက်သွားနိုင်ပါတယ်။ ဝန်ထမ်းလောကမှာလည်း အကျင့်ပျက်လာဘ်စားမှုတွေ ပိုမို ပေါ်ပေါက်လာစေနိုင်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေလည်း ကျဆင်းလာမဲ့အပြင် ပြည်တွင်းက ဘဏ်လုပ်ငန်းတွေနဲ့ ကုန်ထုတ်လုပ်လုပ်ငန်းတွေကိုလည်း အကြီးအကျယ် ထိခိုက်စေနိုင်ပါတယ်။ ကုန်ထုတ်လုပ်မှုကျဆင်းလာတဲ့အတွက် လွတ်လပ်စွာ ယှဉ်ပြိုင်ရတဲ့ နိုင်ငံတကာဈေးကွက်တွေကိုလည်း လက်လွှတ်ဆုံးရှုံးရမဲ့ အလားအလာရှိပါတယ်။ နောက်ဆုံးမှာ စီးပွားရေးကျပ်တည်းမှုကို အခြေခံတဲ့ လူမှုရေးပြဿနာတွေနဲ့ လူမှုရေးမငြိမ်မသက်ဖြစ်မှုတွေ ပေါ်ပေါက်လာပြီး မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ပေါက်ကွဲပျက်စီးသွားတဲ့အထိ ဖြစ်လာနိုင်ပါတယ်။

ငွေကြေးဖေါင်းပွမှုနှုန်းကို အလွန်အကျွံဖြစ်မလာအောင် ငွေကြေးဆိုင်ရာပေါ်လစီနဲ့ ဘဏ္ဍာရေးဆိုင်ရာပေါ်လစီတွေကို လိုသလို ပြောင်းလဲထိန်းညှိပေးကြရပေမဲ့ နအဖစစ်အာဏာရှင်တွေမှာတော့ ဒီလိုလုပ်နိုင်တဲ့အစွမ်းအစ မရှိပါဘူး။ အစိုးရအသုံးစရိတ် စုစုပေါင်းရဲ့ (၄၀) ရာခိုင်နှုန်းကျော်အထိ သုံးစွဲနေရတဲ့ စစ်သုံးစရိတ်တွေကို လျှော့ချပစ်ဖို့ကလည်း လုံးဝ မဖြစ်နိုင်တဲ့အပြင် နှစ်စဉ် ဒေါ်လာ (၁၂၂)သန်းကနေ (၂၄၄)သန်းအကြား သုံးစွဲနေရတဲ့ ကြပ်ပြေးနေပြည်တော်တည်ဆောက်ရေး အသုံးစရိတ်တွေကလည်း နောက်ထပ် (၁၅)နှစ်ကနေ နှစ်(၃၀)လောက်အထိ ဆက်လက်ကုန်ကျခံရဖို့ ရှိနေသေးတာတွေ့ရပါတယ်။ သဘာဝဓါတ်ငွေ့ရောင်းချရာက ရရှိမဲ့ငွေတွေကလည်း ပြည်တွင်းမှာအသုံးပြုဖို့အတွက် ပြည်ပက ဓါတ်ဆီ၊ ဒီဇယ်ဆီနဲ့ စက်အပိုပစ္စည်းတွေ ဝယ်ယူတင်သွင်းရာမှာ ပြန်လည်အသုံးပြုရမှာမို့ သိပ်ပြီး အပိုအလျှံရှိမှာ မဟုတ်ပါဘူး။

မဆလ စစ်အစိုးရခေတ်မှာတုန်းကတော့ ငွေလိုတဲ့အခါ ဝါဇီစက်ရုံက ကျပ်ငွေစက္ကူတွေကို လိုသလောက် ရိုက်ထုတ်သုံးစွဲခဲ့ပြီး ငွေကြေး အဆမတန်ဖေါင်းပွလာလို့ ရှင်းမနိုင်၊ လင်းမနိုင် ဖြစ်လာတဲ့အခါ ကိုယ်ထုတ်ထားတဲ့ ကျပ်ငွေစက္ကူတွေကို (၃)ကြိမ် (၃)ခါတိတိ တရားမဝင်ကြောင်းကြေညာပြီး ဖျက်သိမ်းပစ်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၈၇ ခုနှစ် စက်တင်ဘာ (၅)ရက်နေ့မှာ (၂၅)၊ (၃၅)နဲ့ (၇၅) ကျပ်တန်တွေကို တရားမဝင်ကြောင်းကြေညာခဲ့ရာက ပြည်သူလူထုတစ်ရပ်လုံး မကျေနပ်မှုတွေပေါက်ကွဲပြီး ကမ္ဘာကျော် ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ကာ မဆလစစ်အစိုးရလည်း ဇာတ်သိမ်းခဲ့ရပါတယ်။

အခု နအဖစစ်အစိုးရလက်ထက်မှာတော့ ငွေစက္ကူအတုပြဿနာတွေအပါအဝင် ငွေကြေးဖေါင်းပွမှုပြဿနာတွေနဲ့ ရင်ဆိုင်နေရပေမဲ့ ဈေးကွက်စီးပွားရေးစံနစ်အရ လက်ရှိငွေကြေးတွေအပေါ်မှာ တာဝန်ခံပါ့မယ်လို့ ပြည်တွင်းပြည်ပကို ကတိကဝတ် ပြုထားရတာကြောင့် လက်ရှိကျပ်ငွေစက္ကူတွေကို ဖျက်သိမ်းဖို့ကလည်း ခက်၊ ဆက်သုံးဖို့ကလည်း ခက်နဲ့ ဘေးကျပ်နံကျပ် ပြဿနာတွေကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Friday, January 11, 2008***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***